# ဝစ်ဝယ်ခြင်းနှင့် ငြင်းဆိုခြင်း

## ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ အခင်းအကျင်းတွင် နိုင်ငံသားအခွင့်အရေး ယုတ်လျော့စေမှု

## ၂၀၂၀ ပြည်နှစ် မြန်မာနိုင်ငံ အထွေထွေရွေးကောက်ပွဲ

ပြည်သူ သန်း ၄၀ နီးပါး မဲပေးကြမည်

ပထမဆုံးအကြိမ် မဲပေးမည့်သူ ၅ သန်းရှိသည်

| ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ နေရာ ၁၁၇၁ ကို ယှဉ်ပြိုင်ကြမည် | နိုင်ငံရေးပါတီပေါင်း ၉၀ + |
|---|---|

## နိုင်ငံသားအခွင့်အရေးအပေါ် ချိုးဖောက်မှု

- အမှန်တရား ခေါင်းပါးခြင်း
- အခွင့်အရေးများ ပိတ်ပင်ခံရခြင်း
- ကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းခံရခြင်း

## ၁၉၉၆

စီးပွားရေးလူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICESCR) နှင့် အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR) ကို ၁၉၉၆ ခုနှစ်တွင် အတည်ပြုသည်။

# ICCPR နှင့် ICESCR တို့အား ချိုးဖောက်ခြင်း

## ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ အခြေအနေ

### ကျား/မ ခွဲခြားခြင်း

**ICCPR နှင့် ICESCR အပိုဒ် ၃ အား ချိုးဖောက်ခြင်း**

၂၀၁၅ ခုနှစ် လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၂၀၀ အနက် အမျိုးသမီး ၁၃%သာ ပါဝင်သည်။ ၂၀၂၀ ခုနှစ်တွင် ကိုယ်စားလှယ်လောင်း ၇၀၀၀ ကျော်တွင် အမျိုးသမီး ၁၅% ဖြင့် မဆိုစလောက်များလာသည်။

### လူ့အခွင့်အရေးနှင့် လွတ်လပ်မှုအပေါ် ချိုးဖောက်ခြင်း

**ICCPR ၏ အပိုဒ် ၅ နှင့် ICESCR ၏ အပိုဒ် ၅ တို့အား ချိုးဖောက်ခြင်း**

ICCPR နှင့် ICESCR ရှိ အပိုဒ် ၅သည် အခွင့်အရေးနှင့် လွပ်လပ်မှုများအပေါ် ကန့်သတ် တလွဲမသုံးရန်ရှင်းလင်းစွာ ဖော်ပြထားသည်။ ပါတီများ မဲဆွယ်မှုနှင့်ပတ်သက်ပြီး တင်းကြပ်သည့် စည်းမျဉ်းများ ချမှတ်ထားသော်လည်း လျစ်လျူရှုပြီး ကိုယ်စားလှယ်လောင်းတဦးက အခြား ကိုယ်စားလှယ် လောင်းတဦးအပေါ် အနိုင်ရရေးအတွက်သာ ကြိုးပမ်းမှုသည်အခက်အခဲပြဿနာများကို ဖြစ်ပေါ်စေသည်။

### အရပ်သားများအား လုံခြုံရေးနှင့် အကာအကွယ်ပေးရန် ပျက်ကွက်မှု

**ICCPR ၏ အပိုဒ် ၆ အား ချိုးဖောက်ခြင်း**

မဲဆွယ်စည်းရုံးရေးကာလကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၈ ရက် နံနက် ၆ နာရီ မှ ၂၀၂၀ ခုနှစ် နိုဝင်ဘာလ ၆ ရက် ညသန်းကောင်ယံအထိဟု ကြေညာထားသည်။ မြန်မာ့ တပ်မတော်အနေဖြင့် တဖက်သတ်အပစ်အခတ်ရပ်စဲကြောင်း ကြေညာထားပြီး ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအထိ သက်တမ်းတိုးထားသော်လည်း ရခိုင်နှင့် ရှမ်းပြည် မြောက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားနေသည်။

အစီရင်ခံစာ မြန်မာ နှင့် အင်္ဂလိပ် တို့အား မိမိတို့ အင်တာနက်စာမျက်နှာတွင် ရယူနိုင်သည်။

# ရွေးကောက်ပွဲဆိုင်ရာ အဓိကအင်အားစုများ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သည့် အစိုးရ
မြန်မာ့တပ်မတော်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs)
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC)
နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများ

## စီစစ်ဖြတ်တောက်မှုနှင့် လွတ်လပ်စွာထုတ်ဖော်မှု နေရာကျုံ့လာခြင်း

ICCPR ၏ အပိုဒ် ၁၉ အား ချိုးဖောက်ခြင်း

NLD ၏ လွတ်လပ်စွာထုတ်ဖော်ကျင့်သုံးမှုအပေါ် ထိန်းသိမ်းမြှင့်တင်မှုမှတ်တမ်းမှာ ၎င်းတို့အစိုးရ၏ ပထမသက်တမ်းမှာပင် မေးခွန်းထုတ်စရာဖြစ်ခဲ့သည်။ ပြည်တွင်းစစ်ဖြစ်နေသည့် ရခိုင်ပြည်နယ်တွင် အစိုးရက စစ်ဆန့်ကျင်ရေး ဆန္ဒပြသူများအား ဖမ်းဆီးနှိမ်နင်းနေသည်။

## မဲပေးခွင့်နှင့် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သူများအပေါ် ပိတ်ပင်တားဆီးခြင်း

ICCPR ၏ အပိုဒ် ၂၅ နှင့် ၂၆ အား ချိုးဖောက်ခြင်း

၂၀၂၀ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သူများအပေါ် လူမျိုးရေးအရ ဘက်လိုက်ရွေးချယ်ခြင်းဖြင့် UEC သည် သမာသမတ်မကျကြောင်း ပြသနေသည်။

## ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် ဖိနှိပ်ခြင်း

ICESCR ၏ အပိုဒ် ၁ ကို ချိုးဖောက်ခြင်း

မြန်မာနိုင်ငံရှိ ကွဲပြားခြားနားသည့် တိုင်းရင်းသားများသည် ၎င်းတို့၏ အခွင့်အရေးကို ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပွားနေသည့် ပြည်တွင်းစစ်တလျှောက် အစိုးရ အဆက်ဆက်က အကြီးအကျယ် ဖိနှိပ်ချိုးနှိမ် ခြင်းခံရသည်။ ICCPR အပိုဒ် ၁ တွင် နိုင်ငံသားများသည် ၎င်းတို့၏ နိုင်ငံရေး အဆင့်အတန်းကို လွတ်လပ်စွာ ဆုံးဖြတ် ရွေးချယ်ခွင့်ရှိသည်ဟု ဖော်ပြထားသော်လည်း တိုင်းရင်းသားဒေသအချို့တွင် ကျင့်သုံးနိုင်ခြင်းမရှိပေ။